unicef

unite for children

# အသက် ၃ နှစ်မှ ၅ နှစ် ကလေးများအတွက်
# မူလတန်းကြိုကျောင်းဝန်ဆောင်မှုအညွှန်းကိန်းများ



# အသက် ၃ နှစ် မှ ၅ နှစ် ကလေးများအတွက်
# မူလတန်းကြိုကျောင်းဝန်ဆောင်မှုအညွှန်းကိန်းများ



# rmwum




မူလတန်းကြိုကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ........ ၁



ကလေးပြုစုစောင့်ရှောက်သူများ ........ ၂၄




မိဘရပ်ရွာ ပူးပေါင်းဆောင်ရွက်မှု ........ ၆၉



ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီ၏စီမံခန့်ခွဲမှု ........ ၈၁

# မူလတန်းကြိုကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်




စည်းကမ်းချက်များ

၁။ ကျောင်းတက်ချိန်သည် နေ့စဉ်နံနက် (၉း၃၀)နာရီ မှ ညနေ (၃း၃၀)နာရီ ဖြစ်ပါသည်။
၂။ ကျောင်းသို့ စိန်ရွှေရတနာများ ဝတ်ဆင်မလာရ။
၃။ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ ကျောင်းသို့ ယူဆောင်မလာရ။
၄။ ကျောင်းသို့ မုန့်ဘူး။ ထမင်းဘူးများ ယူဆောင်မလာရ။
၅။ သန့်ရှင်းသော ကျောင်းဝတ်စုံကို နေ့စဉ်ဝတ်ဆင်လာရပါမည်။
၆။ ကျောင်းမတက်နိုင်လျှင် ခွင့်တိုင်ကြားရပါမည်။



## ၂.၁ မူလတန်းကြိုကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်

### ၂.၁(က) ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းပုံ

၁။ မူလတန်းကြိုကျောင်းတွင် အောက်ပါထုတ်ပြန်ချက်များကို သိသာထင်ရှားမြင်သာစွာ ရေးသား ထုတ်ပြန်၍ ကပ်ထားပါသည် -

(က) မူလတန်းကြိုကျောင်းလုပ်ငန်း၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် ဝန်ထမ်းဖွဲ့စည်းပုံ

(ခ) ကလေးတိုင်းအကျုံးဝင်ရရှိနိုင်သော ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊

(ဂ) ဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများအပေါ် အခြေခံ၍ သင်ယူစေခြင်းနှင့် ကလေးများ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုပေးခြင်း၊ မှားယွင်းသောလုပ်ဆောင်မှုများကိုလည်း သင်ယူမှုအခွင့်အလမ်း အဖြစ်ဆောင်ရွက်ပေးခြင်း အစီအစဉ်များ၊

(ဃ) မိဘရပ်ရွာပူးပေါင်းပါဝင်မှု အစီအစဉ်များ၊

(င) ဆရာ၏အတတ်ပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုများ၊ (သင်တန်းဆင်းလက်မှတ်များ၊ ပညာရပ်ဆိုင်ရာ အထောက်အထားများ)

(စ) မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်။





၂။ မူလတန်းကြိုကျောင်းများတွင် ကလေး၏အသက်အရွယ်နှင့်ကိုက်ညီသော -

(က) စာသင်ခန်းဖွဲ့စည်းမှုပုံစံ သတ်မှတ်ချက်များ၊

(ခ) ပရိဘောဂအသုံးအဆောင်များ၊

(ဂ) ရေအိမ်စနစ်(ကျား/မ)၊

(ဃ) လက်ဆေးရန်နေရာနှင့် လက်သုတ်စရာများ၊

(င) သန့်ရှင်းသောသောက်ရေ၊

(စ) သန့်ရှင်းသောသုံးရေများအတွက် သင့်လျော်သောနေရာများ၊ လုံခြုံဘေးကင်းသော သတ်မှတ်ချက်များ ရှိသည်။















၃။ ကျောင်းတွင်း၊ ကျောင်းပြင် ဘေးကင်းလုံခြုံရေးအတွက် လိုက်နာရမည့် အောက်ပါလိုအပ်ချက်များကို ဖြည့်ဆည်းထားရှိသည်။

(က) ကလေးများအတွက် လုံခြုံရေးအစီအစဉ်များဖြစ်သော သံဘာဂျာတံခါး၊ ပတ္တာတံခါးမညပ်စေရန် စီစဉ်ထားခြင်းနှင့် လျှပ်စစ်ထွက်ပေါက်များကို ဖုံးအုပ်ထားခြင်း၊

(ခ) ကလေးများဘေးကင်းလုံခြုံရန်အတွက် လှေကား၊ မီးဖိုဆောင်၊ ရေကန်များတွင် သင့်လျော်သော အတားအဆီးများရှိခြင်း၊

(ဂ) အစားအသောက် (အိမ်မှသယ်ဆောင်လာသောအစားအစာများ အပါအဝင်) - ကျွေးမွေးမှုအစီအစဉ်၊ ပြင်ဆင်မှုနှင့် သိုလှောင်ထားရှိမှုတို့တွင် သန့်ရှင်းမှုရှိစေရန် စနစ်တကျစီစဉ်ထားရှိခြင်း၊

(ဃ) ထိခိုက်အန္တရာယ်ဖြစ်နိုင်သည့် ကျောင်းပြင်ပရှိအရာများအား ဘေးကင်းလုံခြုံရန် စီစဉ်ထားခြင်း၊ (ဥပမာ- ရေနုတ်မြောင်းများကိုဖုံးအုပ်ထားခြင်း၊ အဆိပ်ရှိသောအပင်များကို ဖယ်ရှားခြင်း)

(င) ခြင်ပေါက်ဖွားသည့်နေရာများအား ခြင်မပေါက်နိုင်ရန် စီစဉ်ထားရှိခြင်း၊

(စ) စွန့်ပစ်ရမည့်အရာများ၊ အမှိုက်များကို နေ့စဉ်သတ်မှတ်ထားသောနေရာသို့ စွန့်ပစ်ခြင်း၊ (ဥပမာ- အမှိုက်သိမ်းစနစ်အသုံးပြုခြင်း၊ တွင်းတူး၍ မြေမြှုပ်ခြင်း၊ ဆွေးမြည့်လွယ်သောအမှိုက်နှင့် မဆွေးနိုင်သောအမှိုက်များ ခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်း)

(ဆ) ကျောင်းတွင်းကစားသောနေရာများအပါအဝင် ပရိဘောဂများ၊ ကိရိယာများ၊ ပစ္စည်းများနှင့် အရုပ်များ သန့်ရှင်းပြီး အမြဲအန္တရာယ်ကင်းစေရန်ဆောင်ရွက်ထားခြင်း၊

(ဇ) ကျောင်းပြင်ပကစားသောနေရာများရှိ ကိရိယာများ၊ ပစ္စည်းများနှင့် အရုပ်များသန့်ရှင်းပြီး အမြဲအန္တရာယ်ကင်းစေရန် ဆောင်ရွက်ထားခြင်း၊

(ဈ) ကလေးများအတွက်အန္တရာယ်ရှိစေနိုင်သည့် ကစားစရာနှင့် ပစ္စည်းများ မထားရှိခြင်း၊

(ည) အန္တရာယ်ရှိသောပစ္စည်းများ၊ ဆေးသေတ္တာတန်ဆာပလာများနှင့် ကိရိယာများကို ကလေးများ လက်လှမ်းမမီသောနေရာတွင် သိုလှောင်ထားရှိခြင်း။
















First Aid Kit



၄။ ကလေးများ၏ ဖန်တီးတီထွင်မှုလုပ်ဆောင်ချက်များကို စာသင်ခန်းတွင်းနှင့် ကျောင်းတွင်း၌ အခါအားလျော်စွာ ထင်ထင်ရှားရှား ခင်းကျင်းပြသရန်နေရာရှိသည်။



## ၂.၁(ခ) သင်ယူရန်နေရာများ

၅။ မူလတန်းကြိုကျောင်းများတွင် ကလေးများ၏သင်ယူမှုနှင့် စူးစမ်းလေ့လာမှုကို တိုးမြှင့်နိုင်ရန် အချိန်တိုင်း အလွယ်တကူ ကြီးကြပ်စစ်ဆေးနိုင်ပြီး ကလေးများလက်လှမ်းမီနိုင်သည့် သန့်ရှင်းပြီး အန္တရာယ်ကင်းသော အတွင်း / အပြင် သင်ယူရာနေရာများ ထားရှိသည်။



၆။ အောက်ဖော်ပြပါ ကျောင်းတွင်းသင်ယူရာနေရာများတွင် ကစားရန်ပစ္စည်းများကို ကလေးဦးရေနှင့်မျှတအောင်ထားရှိအသုံးပြုသည်။

(က) ရွှံ့၊ ဖယောင်းရောင်စုံ၊ ကြိုးသီခြင်း၊ ကြိုးထိုးခြင်းစသည့် လက်မှုလုပ်ငန်းများဖြင့် ကလေးများ၏ လက်ချောင်းကြွက်သားများ သန်မာစေရန်နှင့် စိတ်ကူးအမျိုးမျိုး ဖွံ့ဖြိုးစေရန်အတွက် တီထွင်ဖန်တီးကစားရန်နေရာရှိခြင်း၊



(ခ) သစ်သားတုံးများနှင့် အခြားတည်ဆောက်ကစားနိုင်သည့်ပစ္စည်းများ ထားရှိသော အမျိုးမျိုးဖန်တီးတည်ဆောက်ကစားရန်နေရာရှိခြင်း၊









(ဂ) ကလေးများ၏စိတ်လှုပ်ရှားမှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော အဝတ်အစားများ၊ အရုပ်များ၊ အိမ်အသုံးအဆောင်ပစ္စည်းများထားရှိသည့် အတုယူကစားရန်နေရာရှိခြင်း၊




(ဃ) ကလေးများအား အသိဉာဏ်တိုးပွားစေပြီး စဉ်းစားတွေးခေါ်မှုကို လှုံ့ဆော်ပေးသော ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကစားရန်နေရာရှိခြင်း၊



(င) စာအုပ်များကိုင်တွယ် ကြည့်ရှုရန်၊ စာလုံးများနှင့်ရင်းနှီးစေရန်အတွက် ရုပ်ပြပုံပြင်စာအုပ်များ ကြည့်ရှုလေ့လာရန် နေရာရှိခြင်း၊









(စ) ကလေးများ ကိုင်တွယ်တီးခတ်ကစားနိုင်သည့် တူရိယာပစ္စည်းများဖြင့် ကစားရန် နေရာရှိခြင်း။







၇။ အောက်ဖော်ပြပါ ကျောင်းပြင်ပသင်ယူရန်နေရာများ၊ ကစားရန်ပစ္စည်းများကို ကလေးဦးရေနှင့် ကိုက်ညီအောင်ထားရှိ အသုံးပြုပါသည်။

(က) သင်ယူမှုအတွေ့အကြုံများနှင့် ကာယဆိုင်ရာဖွံ့ဖြိုးမှုအတွက် ပြင်ပကစားရန်နေရာ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာရန်နေရာ ဖန်တီးပြုလုပ်ထားရှိခြင်း၊



(ခ) အန္တရာယ်ကင်း၍ တန်ဖိုးနည်းသော်လည်း သင်ယူမှုတန်ဖိုးမြင့်မားသော (အုန်းမှုတ်ခွက်၊ ပလတ်စတစ်ဗူး၊ ဂေါ်ပြား၊ ဆန်ကော၊ ဆန်ကာစသည့်အရာများဖြင့် ကစားနိုင်သည့်) သဲကစားရန်နေရာရှိခြင်း၊







(ဂ) အရွယ်အစား၊ ပုံသဏ္ဍာန်အမျိုးမျိုးရှိသော ပလတ်စတစ်ခွက်၊ ဘူးများ၊ ကတော့ စသည်များဖြင့် ကစားနိုင်သည့် ရေကစားရန်နေရာရှိခြင်း၊







(ဃ) ရွှံ့၊ ဂျုံ၊ ရောင်စုံဆေးများနှင့် အမျိုးမျိုးဖန်တီးကစားနိုင်သည့် တီထွင်ဖန်တီးကစားရန် နေရာရှိခြင်း၊







(င) ကလေးများ လှုပ်ရှားပြေးလွှားကစားရန် နေရာလွတ်ရှိခြင်း၊

(စ) ကလေးများ လှုပ်လှုပ်ရှားရှားကစားရန်ပစ္စည်းများရှိခြင်း၊ (ရွှေ့ပြောင်းနိုင်သော ကစားစရာများနှင့် မရွှေ့ပြောင်းနိုင်သောကစားစရာများအားလုံး အကျုံးဝင်ပါသည်။)





### ၂.၁(ဂ) မသန်စွမ်းကလေးများနှင့် အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သောကလေးများ

၈။ မသန်စွမ်းကလေးငယ်များနှင့် အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သောကလေးများ အများဆုံးပါဝင်ဆောင်ရွက်နိုင်မည့် လိုက်လျောညီထွေသော-

(က) ကိုယ်ခန္ဓာထိန်းပေးနိုင်သောပစ္စည်းများထားရှိ၍ ကစားချိန်တွင်ပါဝင်နိုင်ရန် စီစဉ်ထားခြင်း၊

(ခ) အိမ်သာအိုး၊

(ဂ) အတားအဆီးကင်းသောပတ်ဝန်းကျင် ရှိသည်။

# ကလေးပြုစုစောင့်ရှောက်သူများ







## ၂.၂ ကလေးပြုစုစောင့်ရှောက်သူများ

### ၂.၂(က) ကလေးနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၁။ ဆရာ/ဆရာမသည် ကလေးများ၏ ကျောထောက်နောက်ခံ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အရည်အချင်းတို့ မည်သို့ပင်ရှိစေကာမူ ကျား/မခွဲခြားမှုမရှိဘဲ တန်းတူ ချစ်ခင်တန်ဖိုးထား ဆက်ဆံသည်။







၂။ ဆရာ/ဆရာမသည် ကလေးများအတွက် အပြန်အလှန်ဆက်ဆံနိုင်သောအခွင့်အလမ်းများကို မည်သည့်အချိန်မဆို ခွင့်ပြုသည်။

၃။ ဆရာ/ဆရာမများသည် ကလေးများ၏ကြိုးပမ်းအားထုတ်မှုများနှင့် လုပ်ဆောင်ချက်များကို ဂရုတစိုက်နားထောင်ပေးခြင်း၊ ပြုံးပြုံးရွှင်ရွှင် ပြောဆိုဆက်ဆံခြင်း၊ တိတိကျကျ ပြောဆို၍ ချီးမွမ်းခြင်း၊ အားပေးခြင်း၊ အမှန်ပြောဆိုတတ်ရန် လေ့ကျင့်ပေးခြင်း (အမှန်ပြောဆိုသည်ကို လက်ခံ၍ ဖြေရှင်းပေးခြင်း)နှင့် အသိအမှတ်ပြုခြင်းများကို ပြုလုပ်ပေးသည်။





၄။ ဆရာ/ဆရာမများသည် ကလေးများ၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တို့ကို ဖွံ့ဖြိုးမှုအလိုက် အပြုသဘောဆောင်ပြီး (အကြမ်းမဖက်သော) သင့်လျော်သောနည်းလမ်းများဖြင့် ချက်ချင်း တုံ့ပြန်ဆောင်ရွက်ပေးသည်။



၅။ ဆရာ/ဆရာမသည် ကလေးအချင်းချင်း ကောင်းမွန်သောဆက်ဆံရေးရရှိစေခြင်း၊ ကလေးအချင်းချင်း ကူညီစေခြင်းနှင့် ကောင်းမွန်သော လူမှုရေးအလေ့အထရှိခြင်း (မျှဝေခြင်း၊ အလှည့်ကျကစားခြင်း) တို့ကို ပြုစုပျိုးထောင်ပေးသည်။



၆။ ကလေးများ၏ ကိုးကွယ်ယုံကြည်မှုဘာသာကို သိရှိနားလည်ပြီး လေးစားတန်ဖိုးထားသည်။






၇။ ဆရာ/ဆရာမများသည် လူမှုရေးအရ လက်ခံသောအပြုအမူများနှင့် "မင်္ဂလာပါ"၊ "ကျေးဇူးတင်ပါတယ်"၊ "ရှင်"၊ "ခင်ဗျာ" အစရှိသော ပြောဆိုခြင်းများကို ကလေးများ စံနမူနာထားရန် သုံးနှုန်းပြုမူပြောဆိုသည်။

၈။ ဆရာ/ဆရာမများသည် ကလေး၊ ကလေးမိသားစု၊ လုပ်ဖော်ကိုင်ဖက်များနှင့်ပတ်သက်သည့် လျှို့ဝှက်ထားသင့်သည့်အရာများကို တိကျသေချာစွာစောင့်ထိန်းသည်။ (ကာယကံရှင်/မိဘ၏ ခွင့်ပြုချက်ရပါက လိုအပ်သောနေရာတွင် ထုတ်ဖော်ပြသခွင့်ရှိသည်။)







၉။ ဆရာ/ဆရာမများသည် မိမိ၏အသိပညာနှင့် ကျွမ်းကျင်မှုတိုးတက်စေရန် အောက်ပါတို့ကို ပြုလုပ်၍ စဉ်ဆက်မပြတ်လေ့လာဆည်းပူးသည် -

(က) ပညာရပ်ဆိုင်ရာသင်တန်းများ တက်ရောက်ခြင်း၊

(ခ ) ကိုယ်တိုင်သင်ယူလေ့လာမှုပြုလုပ်ခြင်း၊ (မီဒီယာများမှတစ်ဆင့်)

(ဂ ) သုတေသနပြုလုပ်ခြင်း။ (ကိုယ်ပိုင်လေ့လာမှုမှတ်တမ်းများထားရှိဆောင်ရွက်ခြင်း)





## ၂.၂(ခ) မိဘများနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၁၀။ ဆရာ/ဆရာမများသည် ကလေးမိဘများ၊ အုပ်ထိန်းသူများ၏ ကျောထောက်နောက်ခံ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အရည်အချင်းတို့မည်သို့ပင်ရှိစေကာမူ ကျား/မခွဲခြားမှု မရှိဘဲ တန်းတူ တန်ဖိုးထားဆက်ဆံသည်။







၁၁။ ဆရာ/ဆရာမများသည် ကလေးများ၏အသက်အရွယ်အလိုက်

- ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းများ (ဥပမာ - ကိုယ်အလေးချိန်၊ အရပ်၊ ကိုယ်တိုင်လုပ်ဆောင်နိုင်မှုစွမ်းရည် အစရှိသည်) ကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများ၊
- နောက်ဆက်တွဲဆောင်ရွက်ပေးမှုများ (ဥပမာ - ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊  မသန်စွမ်းမှုတစ်ခုခုရှိပါက လွှဲပြောင်းကုသရန် အကြံဉာဏ်ပေးခြင်းအစရှိသည်)
- ကလေးနှင့် ပတ်သက်သည့် ထူးခြားသည့်ဖြစ်စဉ်များ (ထူးခြားသည့်စွမ်းဆောင်မှုများ၊ မတော်တဆမှုများ၊ ဖျားနာမှု၊ ဓာတ်မတည့်မှုနှင့် ထိခိုက်မှုများ)ကို မှတ်တမ်းထား၍ မိဘများအား စာဖြင့်ဆက်သွယ်မှုများပြုလုပ်ခြင်းနှင့် ပုံမှန်တွေ့ဆုံခြင်းများ ပြုလုပ်သည်။





## ၂.၂(ဂ) ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၁၂။ ဆရာ/ဆရာမသည် ကလေးများဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍အောက်ပါနယ်ပယ်များတွင် လေ့လာတွေ့ရှိချက်များကို ကော်မတီသို့တင်ပြ၍ လိုအပ်သောအကူအညီများ ရယူသည်

(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များ (ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းပုံနှင့် သင်ယူရာနေရာများ)၊

(ခ) စာသင်ခန်းများကို ပုံမှန်ဂရုတစိုက်စောင့်ကြည့်လေ့လာရာမှ တွေ့ရှိချက်များဖြစ်သော သင်ကြားမှုနှင့် သင်ယူမှုအရည်အသွေးဆိုင်ရာတွေ့ရှိချက်များ၊

(ဂ) ကလေးများ၏တိုးတက်လာမှုနှင့် သက်ဆိုင်သော အထောက်အထားများကို စစ်ဆေးခြင်းမှ တွေ့ရှိချက်များ။





## ၂၂(ဃ) ကလေးပြုစုစောင့်ရှောက်သူဆရာများအချင်းချင်းအပြန်အလှန်ဆက်သွယ်ခြင်း

၁၃။ ဆရာ/ဆရာမများသည် လုပ်ဖော်ကိုင်ဖက်များအားလုံး၏ ကျောထောက်နောက်ခံ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ရာထူးတို့ မည်သို့ပင်ရှိစေကာမူ လုပ်ငန်းအောင်မြင်ရေးအတွက် အချင်းချင်း သိက္ခာရှိရှိ၊ လေးလေးစားစား ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သည်။

၁၄။ ဆရာ/ဆရာမများသည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို မျှဝေသုံးစွဲပြီး စီမံကိန်းများကို မိသားစုစိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။





၁၅။ ဆရာ/ဆရာမများသည် လက်တွေ့လုပ်ဆောင်ရင်းမှ ရရှိသောအတွေ့အကြုံများ၊ နည်းပညာများကို အခြားသူများအား လေ့ကျင့်မျှဝေပေးသည်။





## ၂.၂(င) ဘေးကင်းလုံခြုံမှုအတွက်ပြုစုစောင့်ရှောက်ခြင်း

၁၆။ ကလေးများ ကျောင်းသို့ရောက်ရှိချိန်အပါအဝင် လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်စစ်ဆေးကြီးကြပ်သည်။





၁၇။ ကလေး၏ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အချိန်မဆို တာဝန်ရှိသူကိုသာ အကြောင်းကြားအပ်နှံသည်။



၁၈။ လူစိမ်းများ၏အန္တရာယ်နှင့် မဖွယ်မရာပြုမူခြင်းများကို ကလေးများကိုယ်တိုင် သိရှိရှောင်ရှား နိုင်စေရန် သင်ယူမှုအခွင့်အလမ်းများ ဖန်တီးပေးသည်။




၁၉။ ကလေးများ၏ ဘေးကင်းလုံခြုံရေးအတွက် စနစ်ကျသော ကျောင်းကြို/ပို့ချိန် စည်းကမ်းများကို သတ်မှတ်လိုက်နာသည်။





## ၂.၂(စ) ကိုယ်တိုင်လုပ်ဆောင်နိုင်မှုစွမ်းရည်အတွက်ပြုစုစောင့်ရှောက်ခြင်း

၂၀။ ဆရာ/ဆရာမ သည် ကျောင်း၏နေ့စဉ်လုပ်ငန်းဆောင်တာများမှ ကလေးလုပ်ဆောင်နိုင်သည့် လုပ်ငန်းတာဝန်များ (စားပွဲသန့်ရှင်းရေးနှင့်နေရာချထားခြင်း၊ အဝေးရောက်သွားသည့် အရုပ်များကို ကောက်ယူသိမ်းဆည်းခြင်းအစရှိသည်) အား နေ့စဉ်အစီအစဉ်တွင် ထည့်သွင်း၍ ကိုယ်တိုင်လုပ်ဆောင်နိုင်မှုစွမ်းရည်ရရှိစေရန် အလှည့်ကျတာဝန်ခွဲဝေသတ်မှတ်ပေးသည်။







၂၁။ ကလေးများအမှီအခိုကင်းစွာဖြင့် လွတ်လပ်စွာရွေးချယ်ခွင့်၊ ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ချက်ချပိုင်ခွင့်များရရှိရန် ဆောင်ရွက်ပေးသည်။

၂၂။ ကလေးအသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုနှင့် လျော်ညီသော စည်းကမ်းများနှင့် မျှော်မှန်းချက်များကို မျှမျှတတနှင့် တစ်သမတ်တည်းဆောင်ရွက်သည်။



## ၂.၂(ဆ) အထူးလိုအပ်ချက်ရှိသောကလေးများအတွက်ပြုစုစောင့်ရှောက်ခြင်း

၂၃။ အောက်ပါကလေးများအတွက် နှစ်သိမ့်ခြင်းနှင့် သံသယများပြေပျောက်စေခြင်း၊ ကူညီပံ့ပိုးခြင်းနှင့် လမ်းညွှန်ခြင်းများကို မိသားစုနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသည် -

(က) ဖိအားများသော အခြေအနေများတွင်ရှိသော ကလေးများ၊ (ဥပမာ - မိသားစုပြဿနာရှိနေသောကလေးများ၊ ငြိုငြင်ခံရသောကလေးများ၊ အခြားသူများမှ အနိုင်ကျင့်ခံရသောကလေးများ၊ ရွှေ့ပြောင်းမိသားစုများနှင့် ဘေးအန္တရာယ်ကြုံတွေ့နေသော မိသားစုများ၏ကလေးများအစရှိသည့် .......)

(ခ) မသန်စွမ်းမှုတစ်ခုခုကြောင့် အထူးလိုအပ်ချက်များရှိသောကလေးများ၊





## ၂.၂(ဇ) ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြုစုစောင့်ရှောက်ခြင်း-

၂၄။ ကလေးများ၏ ကျန်းမာရေးအခြေအနေကို ကလေးများ ကျောင်းသို့ရောက်ရှိချိန်နှင့် ကျောင်းဆင်းချိန် တွင်နေ့စဉ်စစ်ဆေးသည်။

ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အရေးပေါ်အခြေအနေများတွင် ပြုလုပ်သည့် လုပ်ထုံးလုပ်နည်းများဖြစ်သော တားဆီးကာကွယ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆရာများ သိရှိလိုက်နာဆောင်ရွက်သည်။




၂၅။ မူလတန်းကြိုကျောင်းများတွင် ဆရာများသည် ရောဂါကူးစက်ပျံ့နှံ့ခြင်းကို တားဆီးသော လုပ်ငန်းစဉ်များဖြစ်သည့် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်ပေးသည် -

(က) ဖျားနာသောကလေးများအား မိဘမှပြန်လည်ခေါ်ယူသည်အထိ ယာယီသီးသန့်ထား ခြင်း၊

(ခ) ဖျားနာသောကလေးများအသုံးပြုပြီးသည့်ပစ္စည်းများအား ပိုးသတ်ခြင်း၊ ပိုးသတ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) ဖျားနာခြင်းနှင့်ပတ်သက်သောသတင်းအချက်အလက်နှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာ အကြံပြုချက်များအား မိဘများထံအသိပေးခြင်း။

၂၆။ မိဘများ၏ခွင့်ပြုချက်ဖြင့် ကလေးများ၏ဆေးမှတ်တမ်း (ပန်းနာ၊ ဝက်ရူးပြန်၊ ဆီးချို၊ ဓာတ်မတည့်သောရောဂါနှင့် အခြားဖြစ်နိုင်ခြေရှိသောအချက်အလက်များ)ကို ရေးသားပြီး အလွယ်တကူယူနိုင်ရန် စနစ်တကျထားရှိသည်။





၂၇။ မူကြိုကျောင်းတွင်ဖြစ်သော မတော်တဆမှုများ၊ ဖျားနာမှုနှင့်ထိခိုက်မှုများကို ချက်ချင်း စနစ်တကျရေးသွင်းပြီး မိဘထံ မှတ်တမ်းနှင့်တကွ ပေးပို့သည်။





၂၈။ ကျန်းမာရေးအလေ့အကျင့်ကောင်းများဆောင်ရွက်ပေးနိုင်ရန် ကလေးများမှတစ်ဆင့် မိဘများသို့ မှာကြားခြင်းပြုလုပ်သည်။ (ဥပမာ- ခေါင်းလျှော်ခြင်း၊ လက်သည်းညှပ်ခြင်း၊ ဖိနပ်စီး၍ အပြင်ထွက်ခြင်း)




၂၉။ ကလေးပြုစုစောင့်ရှောက်သူဆရာ/ဆရာမများနှင့် ဝန်ထမ်းများတွင် ကူးစက်ရောဂါများ ရှိ၊ မရှိ ပုံမှန်စစ်ဆေး၍ လိုအပ်သောကာကွယ်ဆေးများကို မဖြစ်မနေ ထိုးရမည်။



## ၂.၂(ဈ) သင်ကြားခြင်း

၃၀။ ကလေးများကျောင်းသို့ ရောက်မလာမီ သင်ယူရာနေရာများကို သင်ယူမှုရည်ရွယ်ချက်နှင့် အညီ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်ထားပါသည်။



၃၁။ ဆရာသည်ကလေးများ၏ ကာယဖွံ့ဖြိုးမှုကိုပံ့ပိုးပေးသည့် အောက်ပါသင့်လျော်သောပစ္စည်းများ၊ ကိရိယာများနှင့် လုပ်ငန်းများကို စီစဉ်ထားရှိသည် -

(က) ခန္ဓာကိုယ်သန်စွမ်းမှုနှင့် ကြွက်သားကြီးလှုပ်ရှားမှုဆိုင်ရာစွမ်းရည်များ၊ (ဥပမာ-ဘောလုံးပစ်/ကန်ခြင်း၊ ခြေတစ်ဖက်ခုန်ခြင်း၊ တွယ်တက်ခြင်း၊ တွားသွားခြင်း)

(ခ) ကြွက်သားငယ်လှုပ်ရှားမှုဆိုင်ရာစွမ်းရည်များနှင့် မျက်စိနှင့် လက်တို့ စုပေါင်းလုပ်ဆောင်ခြင်း၊ (ဥပမာ- စက်ဝိုင်းပုံဆွဲခြင်း၊ ကတ်ကြေးအသုံးပြု၍ စက္ကူညှပ်ခြင်း၊ ကြိုးသီခြင်း၊ လူခန္ဓာကိုယ်ပုံ ရေးဆွဲခြင်း၊ လွတ်လပ်စွာရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း)





၃၂။ ကလေးများ၏ ပြောဆိုဆက်သွယ်မှုဆိုင်ရာ အတွေ့အကြုံများရရှိစေမည့် အောက်ပါအခွင့်အလမ်းများကို နေ့စဉ် သင်ယူမှုလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသည်-

(က) ကဗျာ၊ သီချင်းနှင့် ပုံပြင်များနားထောင်ခြင်း၊

(ခ) ညွှန်ကြားချက်များကို နားထောင်၍တုံ့ပြန်စေခြင်း၊

(ဂ) အတွေ့အကြုံများ၊ စိတ်ကူးများနှင့်လိုအပ်ချက်များ (ဥပမာ- ဆာခြင်း၊ အိပ်စက်လိုခြင်းများကဲ့သို့ သာမန်ကိစ္စရပ်များအပြင် မိခင်ပျောက်ဆုံးခြင်း၊ လမ်းပျောက်ခြင်း စသည်) များကို ပြောဆိုခွင့်ပေးခြင်း၊

(ဃ) မေးခွန်းများမေးမြန်းခြင်း၊

(င) ကလေးအချင်းချင်း အလှည့်ကျစကားပြောဆိုခွင့်ပေးခြင်း၊ စုပေါင်းသီချင်းဆိုခွင့်ပေးခြင်း၊ ကဗျာရွတ်ဆိုခွင့်ပေးခြင်း၊ ပုံပြင်ပြောခွင့်ပေးခြင်း၊

(စ) ကလေးများစာဖတ်ခြင်း၊ ဝေမျှခြင်းနှင့်စုပေါင်းဆွေးနွေးနိုင်ခြင်းများ တိုးတက်စေရန် အသက်အရွယ်နှင့်လိုက်လျောညီထွေမှုရှိသည့် စာအုပ်များနှင့် ပစ္စည်းများကို ဆရာများက အမျိုးစုံလင်စွာ ထားရှိနိုင်အောင် ကူညီပံ့ပိုးပေးခြင်း၊



(ဆ ) ကလေးလက်ရာများနှင့် ရုပ်ပုံကားချပ်များကို ကလေးအရပ်နှင့်ကိုက်ညီအောင် ကပ်ထား၍ အခါအားလျော်စွာ ပြောင်းလဲပေးခြင်း၊

(ဇ) ကလေးများအား ဦးဆောင်နိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ဈ) အကြောင်းအရာများကို ကျိုးကြောင်းဆက်စပ်ပြောဆိုတတ်ရန် လေ့ကျင့်ပေးခြင်း၊

(ည) အန္တရာယ်ကင်းပြီး အကျိုးရှိသည့် စူးစမ်းရှာဖွေမှုများနှင့် စမ်းသပ်လေ့လာမှုများကို အုပ်စုဖြင့် လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းပေးခြင်း၊





၃၃။ စာရေးခြင်းအကြိုလုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးလာစေရန်နှင့် စာရေးရာတွင်အသုံးပြုသည့် ပစ္စည်းများဖြစ်သော ဖယောင်းရောင်စုံများ၊ ပန်းချီဆေးများ၊ ခဲတံနှင့် စက္ကူများစသည့် ရေးခြစ်စရာများကို ကလေးများအား အသုံးပြုခွင့်ပေးသည်။






၃၄။ ကျောင်းတွင် အမျိုးအစားစုံလင်သော အောက်ပါသင်ကြားမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများကိုသုံးပြီး လက်တွေ့ဘဝအနေအထားမှ အဓိပ္ပါယ်ပြည့်ဝသော သင်္ချာအခြေခံ သဘောတရားများကို ကလေးများ သင်ယူနိုင်ရန် ဆောင်ရွက်ပေးသည်-

(က) ရေတွက်ခြင်းအခြေခံလုပ်ငန်းများ၊

(ခ) အစေပိုင်းကိန်းဂဏန်းများ၊

(ဂ) ရေတွက်ခြင်းနှင့် သင်္ချာအခြေခံဆိုင်ရာတွက်ချက်ခြင်း၊

(ဃ) ရိုးရှင်းသောတိုင်းတာခြင်း၊ (အလွယ်တကူရရှိသောပစ္စည်းများဖြင့်တိုင်းတာခြင်း၊ စံပြုထားသောပစ္စည်းဖြင့် တိုင်းတာခြင်း)

(င) အစေပိုင်းဂျီသြမေတြီ၊ (ဥပမာ- ပုံသဏ္ဍာန်၊ ထုပါသောပုံများ၊ ထုမပါသောပုံများ)

(စ) ငွေကြေးဆိုင်ရာ။ (လက်ရှိသုံးစွဲနေသော၊ မြင်တွေ့နေကျ ငွေစက္ကူများ)





၃၅။ ကလေးများသည် ၄င်းတို့၏ အနီးစပ်ဆုံးပတ်ဝန်းကျင်နှင့် သဘာဝဖြစ်စဉ်များကို စူးစမ်းခြင်း၊ အမျိုးအစားခွဲခြင်း၊ ခန့်မှန်းခြင်း၊ တွေးတောဆင်ခြင်မှုပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း အစရှိသည့် သိပ္ပံအခြေခံဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်ရရှိစေရန် အမျိုးအစားစုံလင်သောပစ္စည်းများနှင့် လက်တွေ့လုပ်ငန်းများကို ဆရာများက ထားရှိသည်။



၃၆။ ကလေးများကိုယ်တိုင် တူရိယာပစ္စည်းများသုံး၍ လွတ်လပ်စွာသီဆိုခြင်း၊ ကခုန်ခြင်း၊ ပုံပြောခြင်း၊ ပြဇာတ်ကခြင်း စသည့် စိတ်ကူးများကို ထုတ်ဖော်ပြသခြင်းများပြုလုပ်ရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။





၃၇။ ကလေးများ တီထွင်ဖန်တီးနိုင်မှုကို အားပေးသည့် ပန်းချီ၊ လက်မှုလုပ်ငန်းများကို ပြုလုပ်နိုင်သည့်ပစ္စည်းများကို ထားရှိသည်။





၃၈။ ကလေးများ အတုယူကစားခြင်းနှင့် စိတ်ကူးညဏ်ကွန့်မြူးကစားခြင်းများ ရရှိစေရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။





၃၉။ ကလေးများအဖွဲ့လိုက်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းမှ

(က) မိမိ၏စွမ်းဆောင်နိုင်မှုကိုသိရှိခြင်း၊

(ခ) လူကြီးများ၊ ရွယ်တူများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးစွာပြောဆိုဆက်ဆံခြင်း၊

(ဂ) ကိုယ်တိုင်လုပ်ဆောင်နိုင်ခြင်း၊

(ဃ) သည်းခံနိုင်ခြင်း၊

(င) ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း စသည့် ကျွမ်းကျင်မှုများရရှိရန် စီစဉ်ထားသည်။



၄၀။ ဆရာ/ဆရာမများသည် ကလေးများ၏အပြုသဘောဆောင်သော ကိုယ်ကျင့်တရား၊ (ဥပမာ အလှည့်စောင့်တတ်ခြင်း၊ ဝေမျှတတ်ခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း၊ တာဝန်ယူတတ်ခြင်း စသည်များ) ရရှိသင်ယူလေ့ကျင့်နိုင်စရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။



၄၁။ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်စေရန်၊ စောင့်ရှောက်တတ်စေရန်၊ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရရှိစေရန် ကလေးများကို ပံ့ပိုးပေးသည်။



၄၂။ ဆရာ/ဆရာမများသည် ကလေးများအတွက် သင်ကြား/သင်ယူခြင်း လုပ်ငန်းစဉ်များ စီစဉ်ရာတွင် ကွဲပြားခြားနားမှုများဖြစ်သော မျိုးနွယ်စု၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ စွမ်းဆောင်ရည်၊ မသန်စွမ်းမှုနှင့် ကျား-မအားလုံး တန်းတူပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသည်။




၄၃။ ဆရာများအနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျသောကလေးများနှင့် သင်ယူမှုခက်ခဲသော/ထူးချွန်ထက်မြက်သောကလေးများ၏ ထင်ရှားသောလက္ခဏာများကို သိရှိနားလည်အောင် လေ့လာ၍ သင့်လျော်သော ပံ့ပိုးကူညီဆောင်ရွက်မှုများကို ဆောင်ရွက်သည်။



၄၄။ ဆရာ/ဆရာမများသည် လူမှုရေးအရလက်ခံသော အပြုအမူများဖြစ်သည့် "မင်္ဂလာပါ"၊ "ကျေးဇူးတင်ပါတယ်"၊ "ရှင်''၊ "ခင်ဗျာ''အစရှိသော ပြောဆိုခြင်းများကို ကလေးများ စံနမူနာထားရန် သုံးနှုန်းပြောဆိုသည်။





၄၅။ ဆရာများသည် အခြေအနေနှင့် အချိန်အခါအလိုက် ပြောင်းလွယ်ပြင်လွယ်၍ ဆန်းသစ်သော သင်ခန်းစာနှင့်အစီအစဉ်များ ပြင်ဆင်သင်ကြားပေးသည်။





၄၆။ ဆရာများသည် ကလေးများ၏ သင်ယူမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးထောက်ပံ့နိုင်ရန် အောက်ပါတို့ကိုဆောင်ရွက်သည် -

(က) အဖွင့်မေးခွန်းမေးခြင်း၊

(ခ) စိတ်ဝင်စားစွာနားထောင်ခြင်း၊

(ဂ) မေးခွန်းများကို တုန့်ပြန်မှုပေးခြင်း၊ ပြန်ဖြေပေးခြင်း၊

(ဃ) ကလေးများ၏ တွေးခေါ်ယူဆချက်၊ ခံစားမှုများကိုဖော်ပြရန် အခွင့်အလမ်းပေးခြင်း၊

(င) အန္တရာယ်ကင်းပြီးအကျိုးရှိသည့် စူးစမ်းရှာဖွေမှုများနှင့် စမ်းသပ်လေ့လာမှုများအတွက် အခွင့်အလမ်းပေးခြင်း၊

(စ) တစ်ဦးချင်းနှင့် အုပ်စုလုပ်ငန်းများအတွက်စီစဉ်ပေးခြင်း။






၄၇။ ကလေးများ၏ မိမိကိုယ်ကိုယုံကြည်မှုကိုတည်ဆောက်ခြင်း၊ သင်ယူမှုတိုးမြှင့်ခြင်းနှင့် စဉ်းစားနိုင်မှုစွမ်းရည်ဖွံ့ဖြိုးခြင်းတို့ကို အထောက်အကူဖြစ်စေသော အပြုသဘောဆောင်သည့် ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်သည်။



၄၈။ ဆရာသည် အောက်ပါသင်ကြားသင်ယူမှုနည်းလမ်းမျိုးစုံကို လိုအပ်သလို ပေါင်းစပ်အသုံးပြုသည်-

(က) သရုပ်ပြသင်ကြားနည်း၊

(ခ) ပုံစံပြုသင်ကြားနည်း၊

(ဂ) အစပိုင်းတွင် ယာယီအထောက်အကူပြုပေးခြင်းဖြင့် သင်ကြားနည်း၊


(ဃ) မေးခွန်းမေးခြင်းနည်း၊

(င) စူးစမ်းလေ့လာသည့်နည်း၊

(စ) ရှာဖွေတွေ့ရှိသည့်နည်း၊

(ဆ) စမ်းသပ်ပြုလုပ်သောနည်း စသည်။








## ၂၂(ည) ဆန်းစစ်ခြင်းရလဒ်မှတ်တမ်းများ

၄၉။ ဆရာ/ဆရာမများသည် သင်ယူရန်နေရာများတွင် ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုဖြစ်စဉ်နှင့် ဆိုင်သော သတင်းအချက်အလက်များနှင့် အမှတ်မထင်တွေ့ရှိချက်များကို စနစ်တကျ မှတ်တမ်းထားရှိသည်။

၅၀။ မူလတန်းကြိုကျောင်းများသည် အမျိုးမျိုးသောသင်ယူရန်နေရာများတွင် မှန်ကန်သည့် အကဲဖြတ်နည်းများ (ဥပမာ - ကလေးများ၏လက်ရာမှတ်တမ်း၊ ဖွံ့ဖြိုးမှုမှတ်တမ်း (ရုပ်ပိုင်း/ စိတ်ပိုင်း/ ပေါင်းသင်းဆက်ဆံရေး/ စိတ်လှုပ်ရှားခံစားမှု)နှင့် နေ့စဉ်မှတ်တမ်းများအစရှိသည်) ကို အသုံးပြု၍ ကလေးငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုဖြစ်စဉ်တို့နှင့်ဆိုင်သော သတင်းအချက် အလက်များကို စနစ်တကျ မှတ်တမ်းထားရှိသည်။





## ၂၂(ဃ) သင်ရိုးညွှန်းတမ်း

၅၁။ နိုင်ငံတော်မှ ပြဌာန်းထားသော မူကြိုသင်ရိုးညွှန်းတမ်းနှင့် ဆရာ့လမ်းညွှန်အပေါ်အခြေခံ၍ မူကြိုကျောင်းတွင် တစ်နှစ်စာ၊ တစ်လစာ၊ တစ်ပတ်စာနှင့် နေ့စဉ်အစီအစဉ်များ ပါဝင်သည့် ပုံမှန်လုပ်ငန်းစဉ်များဖြစ်သည့် အောက်ပါတို့ကို စီစဉ်ထားရှိသည်-

(က) အတွင်းနှင့်အပြင်ကစားခြင်း၊

(ခ ) လှုပ်လှုပ်ရှားရှားကစားခြင်းနှင့် အာရုံစူးစိုက်ကစားခြင်းကို ဟန်ချက်ညီစွာ ပါဝင်သည့် လုပ်ငန်း၊

(ဂ) ဖန်တီးနိုင်စွမ်းကို အားပေးသည့်လုပ်ငန်းများ၊

(ဃ) အုပ်စုကြီးလုပ်ငန်း၊ အုပ်စုငယ်လုပ်ငန်းနှင့် တစ်ဦးချင်းလုပ်ငန်း၊

(င) ကလေးဗဟိုပြုလုပ်ငန်းများနှင့် ကလေးမှဦးဆောင်သည့်လုပ်ငန်းများ၊

(စ) စစ်ဆေးအကဲဖြတ်ခြင်း။



၅၂။ ဆရာသည် နေ့စဉ်သင်ခန်းစာအစီအစဉ်ရေးဆွဲရာတွင် လိုအပ်သောအချက်အလက်များ ဖြစ်သည့်နေ့စွဲ၊ အချိန်၊ အကြောင်းအရာ၊ ရည်ရွယ်ချက်၊ လိုအပ်သောပစ္စည်းကိရိယာများ၊ ဖွံ့ဖြိုးမှုနှင့် လျော်ညီသောလုပ်ငန်းများအတွက် သင်ကြားနည်းများ၊ လက်တွေ့လုပ်ဆောင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းများ ပါဝင်အောင် ရေးဆွဲသည်။

၅၃။ သင်ရိုးညွှန်းတမ်းသည် ကွဲပြားခြားနားမှုများဖြစ်သော မျိုးနွယ်စု၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ စွမ်းဆောင်ရည်၊ မသန်စွမ်းမှုနှင့် ကျား-မအားလုံး တန်းတူပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသည်။





၅၄။ ကလေးများသင်ယူမှုအတွေ့အကြုံတိုးမြှင့်နိုင်စေသည့် ဈေး၊ ပန်းခြံ၊ ဥယျာဉ်၊ လယ်ကွင်း၊ ကမ်းခြေနှင့် ပြည်သူ့စာကြည့်တိုက် အစရှိသည်တို့ကို သွားရောက်လည်ပတ်ရန် စီစဉ်ထားရှိသည်။





## ၂.၂(၅) စီမံအုပ်ချုပ်ခြင်းနှင့် ကူညီပံ့ပိုးခြင်း

၅၅။ အာဟာရအုပ်စုမျှတစွာပါဝင်သော (ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီဓာတ်၊ ဘီတာမင်၊ သတ္တုဓာတ်၊ အမျှင်ဓာတ်နှင့် အဏုအာဟာရ) အစားအသောက်နှင့် မုန့်ပဲသွားရေစာများကို

(က) သန့်ရှင်းသောသတ်မှတ်နေရာများတွင်

(ခ) သင့်လျော်သောပမာဏဖြင့်တည်ခင်းကျွေးမွေးနိုင်ရန် ဆရာများကကူညီပံ့ပိုးပေးသည်။






၅၆။ ဆရာများသည် ကလေးအသက်အရွယ်နှင့် လိုက်လျောညီထွေမှုရှိသည့် စာအုပ်များနှင့် ပစ္စည်းများကို အမျိုးအစား စုံလင်စွာထားရှိပြီး ကလေးများစာဖတ်ခြင်း၊ ဝေမျှခြင်းနှင့် စုပေါင်းဆွေးနွေးနိုင်ခြင်းများ တိုးတက်စေရန် ကူညီပံ့ပိုးပေးသည်။

# မိဘရပ်ရွာပူးပေါင်းဆောင်ရွက်မှု





## ၂.၃ မိဘရပ်ရွာပူးပေါင်းဆောင်ရွက်မှု

### ၂.၃(က) ကလေးများအတွက်ဆောင်ရွက်ပေးမှု

၁။ အခြားသူများ၏ဘာသာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကိုလက်ခံပြီး အပြန်အလှန်လေးစားတတ်ရန်နှင့် ပြုမူဆက်ဆံရာတွင် “မင်္ဂလာပါ”၊ “ကျေးဇူး တင်ပါတယ်”၊ “ရှင်”၊ “ခင်ဗျာ” အစရှိသည်ဖြင့် အသုံးအနှုန်းများကိုပြောပြ၍ မိဘအုပ်ထိန်းသူများကိုယ်တိုင် နမူနာပြ လေ့ကျင့်ပေးသည်။





၂။ မိဘအုပ်ထိန်းသူများက ကလေးများကို လွတ်လပ်စွာရွေးချယ်ခွင့်၊ ပူးပေါင်းပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်များရရန် ပံ့ပိုးပေးသည်။





၃။ အစားအသောက်(ကျောင်း/အိမ်) ကျွေးမွေးမှု အစီအစဉ်များတွင် အာဟာရအုပ်စု မျှတစွာ ပါဝင်စေရန်၊ သန့်ရှင်းသောသောက်ရေသန့် ရရှိစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်စေရန် ပြင်ဆင်ပေးသည်။



၄။ ကလေးများအတွက် ကိုယ်ပိုင်သုံးပစ္စည်းများ (ဥပမာ - ထမင်းချိုင့်၊ ရေဘူး၊ လွယ်အိတ်) အစရှိသည်တို့တွင် အမည်ရေးထားပေးသည်။



၅။ ကလေးများကို

(က) အစာစားပြီး ပလုပ်ကျင်းခြင်း၊

(ခ) အစာမစားမီ၊ စားပြီး၊ ရေအိမ်ဝင်ပြီး၊ ကစားပြီးချိန်တွင် လက်ဆေးခြင်းတို့ ပြုလုပ်နိုင်ရန် စီစဉ်ပေးခြင်း အစရှိသည့် ကျောင်း/ဌာနမှလေ့ကျင့်ပေးသော အလေ့အကျင့်ကောင်းများကို အိမ်တွင်လည်း လေ့ကျင့်ပေးသည်။





## ၂.၃(ခ) မူလတန်းကြိုကျောင်းနှင့် ပူးပေါင်းဆောင်ရွက်မှု

၆။ မိဘရပ်ရွာသည် ကလေးများအတွက် ပတ်ဝန်းကျင်နှင့်ဆိုင်သော လေ့လာရေး အစီအစဉ်များ၊

မူလတန်းပညာရေးသို့ တက်ရောက်ရန် အဆင်ပြေချောမွေ့သည့်ကူးပြောင်းမှုအစီအစဉ်များတွင် ပံ့ပိုးပေးသည်။





၇။ မူလတန်းကြိုကျောင်းများသည် မိဘများ၊ မိသားစုဝင်များနှင့် အောက်ပါအပြန်အလှန် ဆက်သွယ်ရေးအစီအစဉ်များကို ပုံမှန် အရေးပေါ် ထားရှိသည်-

(က) အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း၊

(ခ) ကျန်းမာရေးဆိုင်ရာကြိုတင်အသိပေးခြင်း၊

(ဂ) သတင်းလွှာ၊ လက်ကမ်းကြော်ငြာများ၊

(ဃ) ဆက်သွယ်ရေးဆိုင်ရာမှတ်တမ်းစာအုပ်များ၊

(င) သင်ယူမှုအခက်အခဲများနှင့် ဖွံ့ဖြိုးမှုနှောင့်နှေးသောကလေးများ၊ ထူးချွန်ထက်မြက်သော ကလေးများအား ပံ့ပိုးပေးခြင်း။





၈။ ကလေးများအတွက် အမျိုးအစားစုံလင်သော ကစားစရာများ (စာသင်ခန်း တွင်း/ ပြင် သင်ယူရန်နေရာများအတွက်) သင်ထောက်ကူပစ္စည်းများကို ပံ့ပိုးပေးခြင်းနှင့် ဒေသထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ပေးခြင်းများကို မိဘများ၊ မိသားစုဝင်များက ပူးပေါင်းဆောင်ရွက်သည်။





၉။ မိဘရပ်ရွာသည် ကျောင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် ရပ်ရွာအတွင်းတွင် ကလေးများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက်

(က) သူစိမ်းများကို သတိထားတတ်စေရန်နှင့်

(ခ) အန္တရာယ်ရှိသော နေရာများကို ကြိုတင်၍ ကာကွယ်ပေးခြင်း (ဥပမာ - ရေတွင်းများ ကာရံထားရှိခြင်း၊ ခြံစည်းရိုးများလုံခြုံအောင် ပြုလုပ်ထားခြင်းစသည်)၊ အသိပေးခြင်း နှင့် သတိပေးအမှတ်အသားများ ပြုလုပ်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေး သည်။




၁၀။ ကလေး၏ဆေးမှတ်တမ်းကို ကျောင်းတွင်ထားရှိနိုင်ရန် မိဘများက ခွင့်ပြုသည်။



၁၁။ မူလတန်းကြိုကျောင်းများ၏ ရှိသင့်ရှိထိုက်သော လုပ်ဆောင်မှုအစီအစဉ်များအပေါ် မိဘများ၊ မိသားစုဝင်များနှင့် ကလေးပြုစုစောင့်ရှောက်သူများမှ အပြန်အလှန်အကြံပြုနိုင်ခြင်း၊ တွေ့ဆုံညှိနှိုင်းပြီး အကြံဉာဏ်ဖလှယ်နိုင်ခြင်း၊ လိုအပ်ချက်များအပေါ်မူတည်၍ ကူညီပံ့ပိုးခြင်းများ ပြုလုပ်ပေးသည်။ (ဥပမာ-ပြုစုစောင့်ရှောက်သူတစ်ဦးတည်းဖြစ်နေချိန်၊ ကလေးမှာ အခက်အခဲဖြစ်နေစဉ်၊ ဘာသာစကားအခက်အခဲရှိလျှင်)






၁၂။ မူလတန်းကြိုကျောင်းများမှ ပြုစုစောင့်ရှောက်သူများနှင့် မိဘများသည် အပြန်အလှန် အနေဖြင့် မိမိတို့တတ်ကျွမ်းသည့်အတတ်ပညာများကိုအသုံးပြု၍ ကျောင်းတွင်း၊ ရပ်ရွာ အတွင်း လုပ်ဆောင်ပေးကြသည်။ (ဥပမာ - လက်မှု၊ အားကစား၊ ဂီတ၊ ပန်းချီ၊ အက၊ ပုံပြင်ပြောခြင်း၊ ကစားစရာများပြုလုပ်ပေးခြင်းနှင့် တတ်ကျွမ်းသည့် လက်မှုပညာများ လာရောက်ပြသခြင်း)

# ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီ၏စီမံခန့်ခွဲမှု









## ၂.၄ ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီ၏စီမံခန့်ခွဲမှု

### ၂.၄(က) ကလေးများအတွက်ဆောင်ရွက်ပေးမှု

၁။ မူလတန်းကြိုကျောင်းများတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော ကျောင်းဖွဲ့စည်းမှုပုံစံသတ်မှတ်ချက်များ၊ ပရိဘောဂအသုံးအဆောင်များ၊ ရေအိမ်များ၊ လက်ဆေးစင်နှင့်ဘုံဘိုင်များအတွက် -

(က) သင့်လျော်သောနေရာများ၊

(ခ) လုံခြုံဘေးကင်းသောသတ်မှတ်ချက်များရှိရန် စီစဉ်ဆောင်ရွက်ထောက်ပံ့ပေးသည်။





၂။ ကလေးများအား စူးစမ်းလေ့လာသင်ယူမှုဖြစ်စေရန် အချိန်တိုင်းအလွယ်တကူ ကြီးကြပ်စစ်ဆေးနိုင်သော သန့်ရှင်းပြီး လက်လှမ်းမီနိုင်သည့် အတွင်းအပြင် သင်ယူရာနေရာများ ထားရှိရန် စီမံဆောင်ရွက်ပေးသည်။



၃။ မသန်စွမ်းကလေးသူငယ်များနှင့် အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေးများ အများဆုံးပါဝင်ဆောင်ရွက်နိုင်မည့် လိုက်လျောညီထွေသော ပတ်ဝန်းကျင်ရှိစေရန် စီစဉ်ပေးသည်။ (လက်ခံစောင့်ရှောက်ထားရှိပါက)



## ၂.၄(ခ) ဝန်ထမ်းများအတွက်ဆောင်ရွက်ပေးမှု

၄။ ကော်မတီသည်လိုအပ်ပါက ဒေသအခြေအနေအလိုက် ပြောဆိုဆက်သွယ်နိုင်သော ဘာသာစကားကျွမ်းကျင်သည့်ဆရာ/ဆရာမတစ်ဦးအား ဝန်ထမ်းရွေးချယ်ခန့်ထား၍ ကလေးများအား မိခင်ဘာသာစကား ကျွမ်းကျင်မှုရရှိစေရန် ဆောင်ရွက်ရမည်။

၅။ ဝန်ထမ်းများရွေးချယ်ခန့်ထားရာတွင် ဆောင်ရွက်ရမည့်တာဝန်ဝတ္တရား၊ လိုက်နာကျင့်သုံး ရမည့်စည်းကမ်းများကို သတ်မှတ်ပေး၍ တိတိကျကျလိုက်နာဆောင်ရွက်သည်။ (ဝန်ထမ်း ရွေးချယ်ခန့်ထားရေးနှင့်ပတ်သက်သော သတ်မှတ်ချက်များ ထားရှိသည်။ )






၆။ မူကြိုကျောင်းတွင် ရှေးဦးသူနာပြုစုခြင်း လက်မှတ်ရဝန်ထမ်း အနည်းဆုံးတစ်ဦး အချိန်ပြည့်ရှိစေရန် ဆောင်ရွက်ထားသည်။



၇။ ကလေးပြုစုစောင့်ရှောက်သူများအား လုပ်ငန်းနှင့်ဆက်စပ်နေသော သင်တန်းများ တက်ရောက်နိုင်ရေး ပံ့ပိုးပေးသည်။ (ဥပမာ - ရှေးဦးပြုစုနည်းသင်တန်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးသင်တန်း၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးသင်တန်း၊ မိဘပညာပေးသင်တန်း စသည်ဖြင့်)

၈။ ပြုစုစောင့်ရှောက်သူများ၏ အသိပညာ၊ ကျွမ်းကျင်မှုအရည်အသွေးများ စဉ်ဆက်မပြတ် မြှင့်တင်ရေးဆောင်ရွက်ပေးရန်နှင့်(ကျွမ်းကျင်မှုစစ်ဆေး၍ အရည်အသွေးမြင့်မားလာခြင်း နှင့် ကောင်းမွန်သောအတွေ့အကြုံများလာသည်နှင့်အမျှ ထိုက်တန်သောလစာ သို့မဟုတ် အခြားထောက်ပံ့မှုများ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည်။




## ၂.၄(ဂ) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်အတွက်ဆောင်ရွက်ပေးမှု

၉။ ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီသည် ကျောင်းနှင့်သက်ဆိုင်သော မှတ်တမ်း၊ မှတ်ရာများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများကို ထိန်းသိမ်းထား ရှိသည်။ (ထိန်းသိမ်းထားရှိရမည့် အထောက်အထား၊ မှတ်တမ်းများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။)





၁၀။ မူလတန်းကြိုကျောင်းနှင့်ပတ်သက်သော ထုတ်ပြန်ချက်များကိုရေး၍ ကပ်ထားသည်။ နောက်ဆက်တွဲဖြင့် ထုတ်ပြန်ချက်များ ဖော်ပြထားပါသည်။





၁၁။ ကလေးများဘက်စုံဖွံ့ဖြိုးရေးအတွက် လိုအပ်သော ကျောင်းတွင်း/ ပြင် ကလေးဖွံ့ဖြိုးရေး အထောက်အကူပြုကိရိယာများ၊ လှုပ်ရှားမှုများပြုလုပ်သော ဧရိယာများ၊ စူးစမ်းလေ့လာနိုင်သော အစီအစဉ်များရရှိအောင်ဆောင်ရွက်၍ အထောက်အကူပြုပေးသည်။





၁၂။ အောက်ပါမူဝါဒအရ ချမှတ်ဆောင်ရွက်နေသော ကျောင်းအတွင်း/အပြင် ကလေးများ၏ ဘေးကင်းလုံခြုံရေး အစီအစဉ်များကို ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးသည် -

- ဝင်ပေါက်၊ ထွက်ပေါက်များကို လုံခြုံစွာ ကာရံထားရှိခြင်း၊
- မီးခုံများ၊ ခလုတ်များကို ကလေးများလက်နှင့်မမီသောနေရာတွင် တပ်ဆင်ထားခြင်း၊
- ရေဆင်းပေါက်၊ ရေကန်များ၊ စဥ့်အိုးများအား ဖုံးအုပ်ထားခြင်း၊
- အဆိပ်ရှိသောအပင်များအား ဖယ်ရှားခြင်း၊





- သင့်လျော်သော အမှိုက်စွန့်ပစ်သည့်စနစ်ရှိခြင်း၊
- အန္တရာယ်ရှိသောပစ္စည်းကိရိယာများကို ကလေးများ လက်လှမ်းမမီသောနေရာများတွင် သိုလှောင်ထားခြင်း၊
- အစားအသောက်များအား သန့်ရှင်းစွာ ပြင်ဆင်ဆောင်ရွက်စီမံခြင်း၊
- အာဟာရအုပ်စုမျှတစွာ ပါဝင်စေရန် ပြင်ဆင်ပေးခြင်း၊
- သဘာဝမဟုတ်သော အရောင်၊ အနံ့၊ အရသာကင်းရှင်းစေခြင်း၊
- ဝန်ထမ်းများ နားလည်လွယ်ကူသော၊ သတ်မှတ်ရက်မကျော်လွန်သောဆေးများ ပါဝင်သည့် ဆေးသေတ္တာတစ်လုံးထားရှိခြင်း။





၁၃။ အရေးပေါ်အခြေအနေနှင့်သဘာဝဘေးအန္တရာယ် (မီးဘေး၊ ရေဘေး၊ လေဘေး)တို့အတွက်

(က) ကာကွယ်ရေးပစ္စည်းများထားရှိ၍

(ခ) အစီအစဉ်များကို ဝန်ထမ်းများနှင့်အတူ တစ်နှစ်လျှင်တစ်ကြိမ်

(ဂ) ကလေးများနှင့်အတူတစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် လက်တွေ့လေ့ကျင့်ပြီး မှတ်တမ်းထားရှိပါသည်။



၁၄။ မူလတန်းကြိုကျောင်းများသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေပါ အောက်ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီအောင်ပံ့ပိုးပေးသည်-

(က) တာဝန်ခံကျောင်းအုပ်သည် အသက် ၂၅နှစ်ပြည့်ပြီးသူ၊ အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ်ဖြစ်စေရရှိသူ သို့မဟုတ် သက်ဆိုင်ရာဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) တာဝန်ခံကျောင်းအုပ်နှင့်အနည်းဆုံးဆရာတစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံသောမူလတန်းကြို ဆရာ သင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူများဖြစ်ရမည်။

(ဂ) မူလတန်းကြိုအရွယ်ကလေးများဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲ၊ သီးခြားညွှန်ကြားချက်များနှင့်အညီ မူလတန်းကြိုတန်းများတွင် ထားရှိအသုံးပြုသည့် သင်ယူရန်နေရာများနှင့်အကြောင်းအရာ အခြေပြုချဉ်းကပ်နည်းတို့ကို ချိတ်ဆက် အသုံးပြုပြီး ပြုစုပျိုးထောင်ပေးရမည်။

(ဃ) အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေး ၁၅ ဦးလျှင် ဆရာ တစ်ဦးရှိရမည်။

(င) မူလတန်းကြိုကျောင်းဖွင့်လှစ်မည့်အဆောက်အအုံသည် ကလေးသူငယ်တစ်ဦးစီ အတွက် အနည်းဆုံးဧရိယာပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်။

(စ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သောအချက်များနှင့် ညီညွတ် ရမည်။



## ၂.၄(ဃ) မိဘရပ်ရွာနှင့် ပူးပေါင်းဆောင်ရွက်မှု

၁၅။ မူလတန်းကြိုကျောင်းများတွင် မိဘများ၊ မိသားစုဝင်များနှင့် ဆက်သွယ်ရေးအတွက် စနစ်ကျသည့် ပုံမှန်အစီအစဉ်များကိုထားရှိရန် ဆောင်ရွက်ပေးသည်။
(ဥပမာ - သတင်းလွှာ၊ လက်ကမ်းကြော်ငြာများ ပြုစုပေးခြင်း၊ လိုအပ်လျှင် မိဘများနှင့် ပူးပေါင်း၍ မိဘ၊ ဆရာအသင်း ဖွဲ့စည်းခြင်း)

၁၆။ မူလတန်းကြိုကျောင်းများ၏လုပ်ဆောင်မှုအစီအစဉ်များအပေါ် မိဘများနှင့် မိသားစုဝင်များမှ ဝေဖန်အကြံပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

၁၇။ ECCD ကော်မတီကိုတက်ကြွ၍ ကျား/မ မခွဲခြားဘဲ စိတ်ဝင်စားသူများ၊ အတွေ့အကြုံများသည့် အသက်ကြီးများ၊ လူငယ်များဖြင့် ဖွဲ့စည်းထားသည်။
(ကော်မတီ၏တာဝန်ဝတ္တရားများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။ )





၁၈။ မူလတန်းကြိုကျောင်းနှင့် မိဘရပ်ရွာအကြားတွင် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်သော လှုပ်ရှားမှုများရှိသည်။

၁၉။ ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီသည် ရပ်ရွာအတွင်းရှိ မူလတန်းကြိုကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းကြိုကျောင်းသို့ ရောက်ရှိစေရန် စည်းရုံးပံ့ပိုးကူညီဆောင်ရွက်သည်။



### ၂.၄(င) အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

၂၀။ ရပ်ရွာအတွင်း ကလေးသူငယ်နှင့်မိသားစု ထောက်ပံ့ဝန်ဆောင်မှုများပေးသော အဖွဲ့အစည်းများ စာရင်းပြုစုခြင်းနှင့် ဆက်သွယ်ပေးခြင်းများ ပြုလုပ်ပေးသည်။ (ဥပမာ - ပညာရေးဌာန၊ ကျန်းမာရေး၊ မိခင်နှင့်ကလေး၊ လူမှုဝန်ထမ်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ)



၂၁။ မူလတန်းကြိုကျောင်းများတွင် ကလေးများ၏ ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးသည်။



၂၂။ ကလေးများအတွက် လိုအပ်သော အထောက်အကူများရရှိစေရန်အတွက် ကလေးဖွံ့ဖြိုးရေး လုပ်ဆောင်နေသော အဖွဲ့အစည်းပုဂ္ဂိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် အတွေ့အကြုံ ဖလှယ်မှု၊ ဆက်သွယ်မှုများရရှိစေရန် လိုအပ်သလို ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသည်။ (ဥပမာ - မူလတန်းကျောင်းတက်မည့်ကလေးများ အကူးအပြောင်းကာလ အဆင်ပြေ ချောမွေ့စေရန် ဆက်သွယ်ဆောင်ရွက်ခြင်း)





၂၃။ မူလတန်းကြိုကျောင်းများတွင်ကလေးများ၏ ကျန်းမာရေးအတွက် ပုံမှန်ကာယလေ့ကျင့်ခန်း လှုပ်ရှားမှု အစီအစဉ်များထားရှိရန် ပံ့ပိုးပေးသည်။

၂.၄(စ) ရန်ပုံငွေရရှိရေးဆောင်ရွက်ပေးမှု

၂၄။ ရပ်ရွာအခြေပြုမူလတန်းကြိုကျောင်းများအတွက် ရန်ပုံငွေတိုးမြှင့်ရရှိရေးကို ဆောင်ရွက်ရမည်။

## နောက်ဆက်တွဲ

၁။ မူလတန်းကြိုကျောင်းတွင်ထိန်းသိမ်းထားရှိရမည့်အထောက်အထားမှတ်တမ်းများ

(က) ကလေးများ၏ကျောင်းဝင်မှတ်တမ်း၊
(ကိုယ်ရေးအချက်အလက်၊ အစာဓာတ်မတဲ့မှုနှင့် လျှို့ဝှက်ချက်)

(ခ) ကျောင်းခေါ်ချိန်စာရင်း၊

(ဂ) အစည်းအဝေးမှတ်တမ်းများ၊

- မိဘဆရာအသင်း အစည်းအဝေးမှတ်တမ်း
- ရပ်ရွာလူထုနှင့်ဆွေးနွေးသည့် အစည်းအဝေးမှတ်တမ်း
- ကျန်းမာရေးဆိုင်ရာ ဆွေးနွေးခြင်း အစည်းအဝေးမှတ်တမ်း
- ဝန်ထမ်းရေးရာအစည်းအဝေးမှတ်တမ်း

(ဃ) အလှူရှင်မှတ်တမ်း၊

(င) ဧည့်မှတ်တမ်း၊

(စ) လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်း၊

(ဆ) ကလေးဖွံ့ဖြိုးမှုမှတ်တမ်း
(ကလေးဖွံ့ဖြိုးမှုမှတ်တိုင်၊ ကြည့်ရှုလေ့လာခြင်းမှတ်တမ်း၊ ကလေးဖွံ့ဖြိုးမှုအဆင့်ဆင့်ပြလက်ရာမှတ်တမ်း၊ ကလေးထူးခြားမှုမှတ်တမ်း)၊

(ဇ) ကလေးများ၏ကျန်းမာရေးဆိုင်ရာဆေးမှတ်တမ်း၊

(ဈ) ကျောင်းရှိပစ္စည်းစာရင်း၊

(ည) ငွေအရအသုံးဆိုင်ရာစာရင်း၊

(ဋ) မြေပုံ၊ ပိုင်ဆိုင်ခွင့်မှတ်တမ်း၊

(ဌ) ဝန်ထမ်းရေးရာဆိုင်ရာမှတ်တမ်း၊

(ဍ) ဝန်ထမ်းနေ့စဉ်ရုံးတက်မှတ်တမ်း၊

(ဎ) မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်။

## နောက်ဆက်တွဲ

### ၂။ မူလတန်းကြိုကျောင်းနှင့်ပတ်သက်သောထုတ်ပြန်ချက်များ

(က) မူလတန်းကြိုကျောင်း၏ သင်ကြားသင်ယူမှုဆိုင်ရာအစီအစဉ်များ၊
(တစ်နှစ်စာ၊ တစ်လစာ၊ တစ်ပတ်စာနှင့်နေ့စဉ်အစီအစဉ်များ )

(ခ ) မူလတန်းကြိုကျောင်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊

(ဂ ) ဝန်ထမ်းရွေးချယ်ခန့်ထားရေးဆိုင်ရာသတ်မှတ်ချက်များ၊

(ဃ) ကလေးလက်ခံရေးဆိုင်ရာစည်းမျဉ်းများ၊

(င ) ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာကာကွယ်ထားရှိမှုများ၊

(စ ) ဝန်ထမ်းများ၏နယ်ပယ်အလိုက်ကျွမ်းကျင်မှုနှင့် တာဝန်ဝတ္တရားများ။
(မှတ်ချက်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကျောင်းအလိုက် ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကိုထုတ်ပြန်၍ ကပ်ထားရန်)

### ၃။ ECCD ကော်မတီ(သို့) ကျောင်းကြီးကြပ်မှုကော်မတီ၏ တာဝန်ဝတ္တရားများ

(က) ကော်မတီသည် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းအတွက် စီမံကိန်း ရည်မှန်းချက်များ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ ) ကော်မတီသည် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်ရမည်။

(ဂ ) ကော်မတီဝင်များသည် ကျောင်းနှင့်ရပ်ရွာအကြားကောင်းမွန်သော ဆက်သွယ်ဆောင်ရွက်မှုများ ရရှိစေရေးတာဝန်ယူဆောင်ရွက်ရမည်။

(ဃ ) ကော်မတီသည် ကျောင်းအဆောက်အဦနှင့်ကျောင်းပတ်ဝန်းကျင်အား မပျက်စီးစေရေး နှင့်သန့်ရှင်းသပ်ရပ်၍ ဘေးအန္တရာယ် ကင်းရှင်းပြီး စိတ်ချလုံခြုံသော ပတ်ဝန်းကျင်ဖြစ်ရေးအတွက် ကူညီပံ့ပိုးရမည်။

(င) ကော်မတီသည် ကလေးများအတွက် မူကြိုကျောင်း အတွင်း/အပြင် သင်ထောက်ကူနှင့် ကစားစရာများပြုလုပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(စ ) ကော်မတီနှင့်ကော်မတီဝင်များ အပြောင်းအလဲရှိပါက လုပ်ငန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ကော်မတီအသစ်အား စနစ်တကျလွှဲပြောင်း၊ ရှင်းလင်းပြောပြပေးရမည်။

(ဆ ) ကော်မတီဝင်များ (ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ အပါအဝင်)၏ တာဝန်နှင့် ဆပ်ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများကို ရေးဆွဲဖော်ထုတ်အပ်နှင်းထားရမည်။

